PDF-XChange Viewer
Click to buy NOW!
www.docu-track.com

# Leader's Profile

PDF-XChange Viewer
Click to buy NOW!
www.docu-track.com

# အိန္ဒိယအမျိုးသား ကွန်ဂရက်ပါတီဥက္ကဋ္ဌ ဆိုနီယာဂန္ဒီ

ရဲမင်း



ဆိုနီယာဂန္ဒီသည် အိန္ဒိယနိုင်ငံ၏ အဓိကနိုင်ငံရေး ပါတီကြီးတစ်ခု ဖြစ်သည့် အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီ၏ဥက္ကဋ္ဌဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီ၏ ဇနီးဖြစ်ပြီးဝန်ကြီးချုပ်ဟောင်း အင်ဒီရာဂန္ဒီ၏ သမီးချွေးမဖြစ်သည်။

၁၉၉၁ ခုနှစ်တွင် သူမ၏ ခင်ပွန်း ရာဂျစ်ဂန္ဒီလုပ်ကြံခံရပြီးနောက် ကွန်ဂရက်ပါတီခေါင်းဆောင်နေရာအား လွှဲပြောင်းရယူရန်ပါတီက ကမ်းလှမ်းခဲ့သော်လည်း ဆိုနီယာဂန္ဒီက ငြင်းဆန်ခဲ့သည်။ ကွန်ကရက်ပါတီက ဆက်လက်တိုက်တွန်းနေခဲ့သော်လည်း ဆိုနီယာက နိုင်ငံရေးနှင့် ဝေးဝေးနေခဲ့သည်။

၁၉၉၇ ခုနှစ်တွင်မှ နိုင်ငံရေးလောကသို့ဝင်ရောက်ရန် သဘောတူညီခဲ့သည်။ ၁၉၉၈ ခုနှစ်တွင်ကွန်ဂရက်ပါတီ၏ ခေါင်းဆောင်အဖြစ် ရွေးချယ်ခံရသည်။ ဆိုနီယာဂန္ဒီသည် ၂၀၁၀ စက်တင်ဘာလတွင် ကွန်ဂရက်ပါတီ၏ ဥက္ကဋ္ဌအဖြစ် စတုတ္ထအကြိမ်မြောက် ပြန်လည်ရွေးချယ်ခံရကာ ကွန်ဂရက်ပါတီ၏ ၁၂၅ နှစ်သမိုင်းတွင်သက်တမ်းအရှည်ကြာဆုံး ဥက္ကဋ္ဌဖြစ်လာသည်။

ဆိုနီယာအား ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အီတလီနိုင်ငံ၊ ဗီနီတိုဒေသ၊ လူစီယာနာ၊ ကျေးရွာငယ်လေး၌ မွေးဖွားခဲ့သည်။ တူရင်မြို့အနီး အော်ဘက်ဆာနိုမြို့လေး၌ ကြီးပြင်းခဲ့သော ဆိုနီယာသည် အသက် ၁၈ အရွယ်တွင် အင်္ဂလန်နိုင်ငံ ကန်းဘရစ်ချ်မြို့သို့သွားရောက်၍ အင်္ဂလိပ်စာ သင်ကြားခဲ့သည်။ ၁၉၆၅ ခုနှစ်တွင်ကန်းဘရစ်ချ်တက္ကသိုလ် အင်ဂျင်နီယာ ကျောင်းသား ရာဂျစ်ဂန္ဒီနှင့်တွေ့ဆုံခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ရာဂျစ်ဂန္ဒီနှင့်နယူးဒေလီမြို့၌ လက်ထပ်ခဲ့သည်။ သားကြီးရာဟူးဂန္ဒီအား ၁၉၇၀ ပြည့်နှစ်တွင် မွေးဖွားခဲ့ပြီး သမီးငယ် ပရီယမ်ကာအား ၁၉၇၂ ခု နှစ်တွင် မွေးဖွားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ဩဇာကြီးမားသော နေရူးမိသားစုဝင်များဖြစ်သော်လည်း ရာဂျစ်ဂန္ဒီနှင့် ဆိုနီယာဂန္ဒီတို့သည်နိုင်ငံရေးတွင်ပါဝင်ပတ်သက်ခြင်းကို ရှောင်ရှားခဲ့ပြီး ရာဂျစ်က လေယာဉ်မှူးအလုပ်လုပ်၍ ဆိုနီယာက မိသားစုကို သာဂရုပြုစောင့်ရှောက်ခဲ့သည်။ သို့သော် နိုင်ငံရေးလောကသို့ဝင်ရောက်ရန် ရည်မှန်းထားသော ညီငယ်ဆန်ဂျေးဂန္ဒီ၁၉၈၀ပြည့်နှစ်ဇွန်လအတွင်း လေယာဉ်ပျက်ကျ၍ သေဆုံးသွားသောအခါ ရာဂျစ်ဂန္ဒီသည်မိခင်ကြီး၏ တိုက်တွန်းမှုဖြင့် နိုင်ငံရေးတွင် ပါဝင်လာရသည်။

၁၉၈၄ ခုနှစ်တွင် ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ အား ၎င်း၏ ကိုယ်ရံတော်တပ်ဖွဲ့နှစ်ဦးက လုပ်ကြံသတ်ဖြတ်ခဲ့ရာ ရာဂျစ်ဂန္ဒီသည်မိခင်၏ နေရာကို အစားထိုးဝင်ရောက်၍ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၈၉ ခုနှစ်တွင်မူ ရာဂျစ်ဂန္ဒီသည်ရွေးကောက်ပွဲ ရှုံးနိမ့်ပြီးဝန်ကြီးချုပ် ရာထူးကိုလက်လွှတ်ခဲ့ရသည်။ ရာဂျစ်ဂန္ဒီသည် ရွေးကောက်ပွဲ ပြန်လည်၍ အနိုင်ရရှိရန် နိုင်ငံတစ်ဝန်းလှည့်လည်မဲဆွယ်ရင်း ၁၉၉၁ ခုနှစ်မေလ ၂၂ ရက်တွင် တမီးလ်နာဒူးပြည်နယ်၌ တမီးလ်ကျားသူပုန်အဖွဲ့မှ အမျိုးသမီးငယ်တစ်ဦး၏ လုပ်ကြံမှုကြောင့် ကွယ်လွန်ခဲ့ရသည်။

ခင်ပွန်းသည် လုပ်ကြံခံရပြီးနောက်ဆိုနီယာဂန္ဒီသည် ၆ နှစ်လုံးလုံး ၎င်း၏ သားသမီးနှစ်ဦးကိုသာအချိန်ပေး၍ ပြုစုစောင့်ရှောက်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင်မှကွန်ဂရက်ပါတီနှင့်လက်တွဲခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ပါတီဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၉၉ ခုနှစ်တွင် ဥတ္တရပရာဒက်ရှ် ပြည်နယ်မှ ရွေးကောက်ပွဲ ဝင်ခဲ့ပြီး ယင်းနှစ်မှာပင် အောက်လွှတ်တော် အတိုက်အခံခေါင်းဆောင်ဖြစ်လာခဲ့သည်။

၂၀၀၄ ခုနှစ်ရွေးကောက်ပွဲတွင်ကွန်ဂရက်ပါတီ ဦးဆောင်သော စည်းလုံးသော တိုးတက်ရေးညွန့်ပေါင်း (UPA)က အစိုးရဖွဲ့ခွင့်ရရှိခဲ့ရာ ဆိုနီယာဂန္ဒီက ထင်ရှားသောစီးပွားရေးပညာရှင် ဒေါက်တာမန်မိုဟန်ဆင်းအားဝန်ကြီးချုပ် အဖြစ်ခန့်အပ်ခဲ့သည်။ ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲတွင်လည်း UPA အဖွဲ့ကသာ ဆက်လက်အနိုင်ရရှိခဲ့သည်။

*—Ref: Wikipedia, Internet*